COVID-19 ANA ZINLI MAKAWP NINGHKAP KOMITI
komitirung.covid19@yahoo.com 0086-692-6201995

**အိတ်ဖွင့်ပေးစာ**

သို့

ဦးဇော်ဇော်

ညွှန်ကြားရေးမှူး

ကချင်ပြည်နယ်အစိုးရအဖွဲ့

၁။ ၂၀၂၀ ပြည့်နှစ်၊ မေလ (၁၃) ရက်နေ့တွင် COVID-19 Concern & Response Committee Kachin (CCRC-K) နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (PCG) တို့မှ ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနေဝင်း ဦးဆောင်သောအဖွဲ့ နှင့် ကေအိုင်အို COVID-19 ရောဂါကာကွယ်နှိမ်နင်းရေးကော်မတီတို့ ကေအိုင်အိုထိန်းချုပ်နယ်မြေ မိုင်ဆတ်ပါကျေးရွာတွင် COVID-19 ကပ်ရောဂါအား အတူတကွနှိမ်နင်းတိုက်ဖျက်ရန်အတွက် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၂။ ၄င်းအစည်းအဝေးသည် လက်ရှိဖြစ်ပွားနေသော COVID-19 ကပ်ဘေးရောဂါအား အတူတကွ ပူးပေါင်းနှိမ်နင်းတိုက်ဖျက်နိုင်ရန် တွေ့ဆုံဆွေးနွေးမှုသာ ဖြစ်ပါသည်။ ကေအိုင်အို မှ အကူအညီတောင်းရန် ဖိတ်ကြားသော အစည်းအဝေးမဟုတ်ပါ။ (ကချင်ပြည်နယ်အစိုးရအား အကူအညီတောင်းခံခြင်းမရှိသလို အကူအညီတောင်းခံရန် စီစဉ်ထားခြင်းလည်းမရှိခဲ့ပါ)

၃။ ၄င်းအစည်းအဝေးတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး မှ မိုင်ဆတ်ပါ ကွာရန်တင်းနေရာတွင် ကွာရန်တင်းခံယူနေသောသူများ၏အစားအသောက်အတွက် လှူဒါန်းငွေ အချို့နှင့်ကျန်းမာရေးသုံးပစ္စည်းအချို့ကို ကူညီပေးအပ်ခဲ့ပါသည်။

၄။ အဆိုပါ ကူညီပေးခြင်းအတွက် ကေအိုင်အို COVID-19 ရောဂါကာကွယ် နှိမ်နင်းရေး ကော်မတီမှလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့်လက်ခံခဲ့ပါသည်။

COVID-19 ANA ZINLI MAKAWP NINGHKAP KOMITI
komitirung.covid19@yahoo.com 0086-692-6201995

၅။ သို့သော်လည်း၊ **Voice of Malikha News Agency** (၂၀၂၀ ပြည့်နှစ်၊ မေလ (၁၃) ရက်နေ့) တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးဇော်ဇော် က ကေအိုင်အို COVID-19 ရောဂါကာကွယ်နှိမ်နှင်းရေးကော်မတီမှ အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ထံသို့ အကူအညီတောင်းခံသောကြောင့် ကူညီပံ့ပိုးခြင်းဖြစ်သည်ဟု ပြောဆို ထားသည်ကိုတွေ့ရှိရပါသည်။

၆။ COVID-19 ကပ်ဘေးရောဂါအား အတူတကွ ပူးပေါင်းနှိမ်နှင်းတိုက်ဖျက်နိုင်ရန် အားသွန်ခွန်စိုက်ကြိုးစားနေချိန်တွင်ယခုကဲ့သို့ မမှန်မကန်ပြောကြားမှု၊ အမြတ်ထုတ်မှုမှာမဖြစ်သင့်ပါ။

၇။ ဤကဲ့သို့ မမှန်ကန်သောသဘောထားဖြင့် ကူညီသည့် အလှူငွေ နှင့် ကျန်းမာရေးသုံး ပစ္စည်းများကိုလည်း ကေအိုင်အို COVID-19 ရောဂါကာကွယ်နှိမ်နှင်းရေးကော်မတီ မှ လက်ခံမည် မဟုတ်ပါကြောင်း ဤ အိတ်ဖွင့်ပေးစာဖြင့် အကြောင်းကြားအပ်ပါသည်။

ကေအိုင်အို COVID-19 ရောဂါကာကွယ်နှိမ်နှင်းရေးကော်မတီ
လိုင်ဇာမြို့။
၂၀၂၀ ခုနှစ်၊ မေလ (၁၅) ရက်။
၁၉း၀၀ နာရီ